ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း

# (P168254)

# ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့်လုပ်ငန်းအစီအစဉ် (ESCP)

(ဆွေးနွေးရန် မူကြမ်း)

ဒီဇင်ဘာလ၊ ၂၀၂၀

ချေးယူသူ - ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

အကောင်အထည်ဖော်မည့် အဖွဲ့အစည်း -

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

သစ်တောဦးစီးဌာန

မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း

**ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း "(FREDIP ၊ စီမံကိန်း) အား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု အဖွဲ့အစည်း (ယခုမှစ၍ အဖွဲ့အစည်း ဟု ခေါ်ဝေါ်သုံးစွဲသွားပါမည်) သည် စီမံကိန်းအတွက် ရန်ပုံငွေ ထောက်ပံ့ရန် သဘောတူခဲ့ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် ကမ္ဘာ့ဘဏ်၏ ပတ်ဝန်းကျင် နှင့် လူမှုဘဂဆိုင်ရာ စံသတ်မှတ်ချက်များ နှင့် အညီ အကောင်အထည်ဖော်မည်ဖြစ်သည်။ ဤ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ် များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်တွင် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ၊ သီးခြား စာရွက်စာတမ်း သို့မဟုတ် အစီအစဉ်များကို ၎င်းတို့အား လုပ်ဆောင်ရမည့် အချိန်ကာလ သတ်မှတ်ချက်နှင့်အတူ ဖော်ပြထားသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ မူဘောင်အရ လိုအပ်သော၊ ဤ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့်

လုပ်ငန်းအစီအစဉ် က ညွှန်းဆိုသော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စာရွက်စာတမ်းများ (စီမံကိန်းအတွက် ရေးဆွဲထားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် နှင့် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်းအစီအစဉ် ကဲ့သို့သော)ပါ သတ်မှတ်ချက်များကို လိုက်နာရန် တာဝန်ရှိသည်။ အခြားသော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ (E&S) စာရွက်စာတမ်းများကိုလည်း စီမံကိန်းအကောင်အထည်ဖော်စဉ် ကာလအတွင်း လိုအပ်သလို ပြုစုရမည်ဖြစ်ပြီး အဆိုပါ E&S စာရွက်စာတမ်းများတွင် သတ်မှတ်ထားသည့် အတိုင်း အချိန်ကိုက် လိုက်နာရန် တာဝန်ရှိသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စီမံကိန်းပါ သီးခြားအစီအမံများနှင့် လုပ်ငန်းဆောင်တာများကို အပိုဒ် (၁) တွင် ညွှန်းဆိုဖော်ပြထားသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းအဖွဲ့ တစ်ခုခုက အကောင်အထည်ဖော်သည့်အခါတွင်ပင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP) ပါ သတ်မှတ် ပြဋ္ဌာန်းချက်များအားလုံးကို လိုက်နာရန် တာဝန်ရှိသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)တွင် ဖော်ပြထားသော အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်မှုအား စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်ပြီး အဖွဲ့အစည်းသို့ ESCP နှင့် တရားဝင်သဘောတူညီချက်ပါ သတ်မှတ်ချက်များအရ လိုအပ်သလို အစီရင်ခံတင်ပြရမည်။ အဖွဲ့အစည်းသည် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ တိုးတက်မှုနှင့် ပြီးမြောက်မှုရှိ/မရှိကို စောင့်ကြပ်ကြည့်ရှုကာ အကဲဖြတ်မည်။

၆။ အဖွဲ့အစည်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့ သဘောတူညီချက်အရ စီမံကိန်း အကောင်အထည်ဖော်နေသည့်ကာလအတွင်း (စီမံကိန်းအနေဖြင့်) ကြိုတင်မမြင်နိုင်သော အခြေအနေများနှင့် အပြောင်းအလဲများကို လိုက်လျောညီထွေရှိစွာ စီမံခန့်ခွဲနိုင်စေရန် သို့မဟုတ် ESCP အရ ဆောင်ရွက်ထားသည့် စီမံကိန်းလုပ်ဆောင်ချက်စွမ်းရည်အား အကဲဖြတ်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန် ဤပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)ကို လိုအပ်သလို ပြင်ဆင်နိုင်သည်။ ထိုသို့ ပြင်ဆင်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြောင်းလဲပြင်ဆင်မှုများနှင့်စပ်လျဉ်း၍

အဖွဲ့အစည်းနှင့် သဘောတူညီချက်ရယူမည်ဖြစ်ပြီး အဆိုပါပြောင်းလဲမှုများကိုလည်း ထင်ဟပ်သည့် ESCP ကိုလည်း ပြင်ဆင်မွမ်းမံရမည်။ ESCP ကို ပြောင်းလဲပြင်ဆင်မှုများအပေါ် သဘောတူညီချက်ကို အဖွဲ့အစည်း နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကြား အပြန်အလှန်လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်းများဖြင့် မှတ်တမ်းတင်ထားရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် မွမ်းမံပြင်ဆင်ထားသည့် ESCP ကို အများပြည်သူသိစေရန်ထုတ်ပြန်ရမည်။

၇။ စီမံကိန်း အကောင်အထည်ဖော်နေသည့်ကာလအတွင်း စီမံကိန်း အပြောင်းအလဲများ၊ ကြိုတင်မမြင်နိုင်သော အခြေအနေများ သို့မဟုတ် စီမံကိန်းလုပ်ဆောင်ချက်စွမ်းရည်သည် အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများတွင် အပြောင်းအလဲ ဖြစ်စေသည့်အခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အဆိုပါ အန္တရာယ်များနှင့် သက်ရောက်မှုများကို ဖြေရှင်းမည့် လုပ်ငန်းဆောင်တာ နှင့် အစီအမံများ အကောင်အထည်ဖော်ရန် ရန်ပုံငွေများ လိုအပ်သလို ထပ်ဆောင်းပေးရမည်။ အဆိုပါ အန္တရာယ်များနှင့် သက်ရောက်မှု များတွင် ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အပေါ် သက်ရောက်မှုများ၊ လုပ်သားများ အလျှံပယ်များပြားလာမှု နှင့် ကျား/မ(လိင်) အခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ အန္တရာယ် (ဆိုးကျိုးသက်ရောက်မှု)များ ပါဝင်သည်။

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| **ESCP စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်း** | | |
| ပုံမှန် အစီရင်ခံခြင်း -<br>ESCP အကောင်အထည်ဖော်မှုအပေါ် စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံများ ပုံမှန်ပြုစု ပေးပို့ရမည်။ ESCP အကောင်အထည်ဖော်မှုသာမကဘဲ ESCP အရ လိုအပ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စာရွက်စာတမ်းများ ပြုစုကာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ ဆက်စပ်ပတ်သက်သူ များနှင့် ဆက်သွယ်ညှိနှိုင်းခြင်း လုပ်ငန်းများ၊ နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းပေးသည့်စနစ် လုပ်ကိုင်ဆောင်ရွက်နေမှု နှင့် အခြားထည့်သွင်း ဖော်ပြရမည့် ကိစ္စများအပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင် (ESMF) နောက်ဆက်တွဲ ၄ ပါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း ပုံစံပါ အကြောင်းအရာများသည်အစီရင်ခံစာတွင် ပါဝင်ရမည်။ | စီမံကိန်းအကောင်အထည်ဖော်မည့်ပထမနှစ်အတွင်း<br><br>သုံးလတစ်ကြိမ် အစီရင်ခံခြင်း<br><br>ပထမနှစ်ပြီးနောက် စီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံး ခြောက်လတစ်ကြိမ် အစီရင်ခံခြင်း | သစ်တောဦးစီးဌာန |
| မျှော်လင့်မထားသော အဖြစ်အပျက်များ နှင့် မတော်တဆထိခိုက်မှုများဆိုင်ရာ အသိပေးခြင်း<br>စီမံကိန်းနှင့်ဆက်စပ်သည့် သို့မဟုတ် စီမံကိန်းအပေါ် သက်ရောက်မှုရှိသည့် မျှော်လင့်မထားသော အဖြစ်အပျက် သို့မဟုတ် မတော်တဆထိခိုက်မှု တစ်ခုခု ဖြစ်ပွားပါက သို့မဟုတ် ဖြစ်ပွားလာဖွယ်ရှိပါက ထိုအဖြစ်အပျက်သည် ပတ်ဝန်းကျင်၊ ထိခိုက်ခံစားရမည့် ဒေသခံပြည်သူ/ရပ်ရွာလူထု၊ အများပြည်သူ သို့မဟုတ် လုပ်သားများ အပေါ် သိသာကြီးမားသည့် ဆိုးကျိုးသက်ရောက်မှုရှိမည်၊ သို့မဟုတ် ရှိနိုင်မည်ဆိုလျှင် သစ်တောဦးစီးဌာနသည် အောက်ပါတို့ကို လုပ်ဆောင်ရမည်-<br><br>(က) အဆိုပါ မျှော်လင့်မထားသော အဖြစ်အပျက် သို့မဟုတ် မတော်တဆ ထိခိုက်မှု ဖြစ်ပွားသည်ဟု သိပြီးနောက် တတ်နိုင်သမျှ မြန်မြန် သို့မဟုတ် ၂ | အဖြစ်အပျက် သို့မဟုတ် မတော်တဆထိခိုက်မှု ဖြစ်ပွားသည်ဟု သိလျှင်သိခြင်း၊ အဖြစ်အပျက်ဖြစ်ပွားပြီးနောက် ၂ ရက် နောက်ဆုံးထား၍၊<br><br>အသက်ဆုံးရှုံးမှုအပါအဝင် ESMF အပိုင်း ၇ တွင် ဖော်ပြထားသည့် "ပြင်းထန်"ဟု အမျိုးအစားသတ်မှတ်သော အဖြစ်အပျက်များကို ထိုအဖြစ်အပျက် ဖြစ်ပွားပြီး ၂၄ နာရီအတွင်း အဖွဲ့အစည်းသို့ အသိပေးရမည်။ | သစ်တောဦးစီးဌာန |

|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| ရက်ထက် နောက်မကျစေဘဲ အဖြစ်အပျက်၏ သဘောသဘာဝ သို့မဟုတ် အခြေအနေ နှင့် ယင်းကြောင့် ဖြစ်လာသည့် သို့မဟုတ် ဖြစ်လာဖွယ်ရှိသည့် အကျိုး၊ သက်ရောက်မှုများကို အဖွဲ့အစည်းသို့ အီလက်ထရွန်းနစ် နည်းလမ်းဖြင့် အသိပေးအကြောင်းကြားရမည်။<br><br>(ခ) အဆိုပါ မျှော်လင့်မထားသော အဖြစ်အပျက် သို့မဟုတ် မတော်တဆ ထိခိုက်မှု ဖြစ်ပွားပြီးနောက် တတ်နိုင်သမျှ မြန်မြန် သို့မဟုတ် ၁၀ ရက်ထက် နောက်မကျစေဘဲ အဖွဲ့အစည်းသို့ အဖြစ်အပျက် သို့မဟုတ် မတော်တဆ ထိခိုက်မှု အကြောင်းအရာဖော်ပြချက် နှင့် ဆောင်ရွက်မည့် နည်းလမ်းများ (အစီအမံများ) သို့မဟုတ် အဆိုပါကိစ္စအား ဖြေရှင်းရန် နှင့် နောင်တွင် အလားတူ ဖြစ်ရပ်များကို ကာကွယ်ရန် အစီအစဉ်များ ပါဝင်သော အကျဉ်းချုပ်အစီရင်ခံစာ ကို ပေးပို့ရမည်။<br><br>(ဂ) တင်ပြထားသော အစီအမံများ နှင့် လုပ်ငန်းအစီအစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်ဆဲ အခြေအနေအား အဖွဲ့အစည်းသို့ အမြဲတစေ အကြောင်းကြားရမည်<br><br>FREDIP လုပ်ငန်းစီမံကိန်းနှင့်ပတ်သက်၍ သိသာကြီးမားသော ဆိုးကျိုးသက် ရောက်မှု များရှိသည့် မျှော်လင့်မထားသော အဖြစ်အပျက်များ သို့မဟုတ် မတော်တဆထိခိုက်မှုများတွင် မော်တော်ကား/ယာဉ် မတော်တဆမှုများ၊ အဆောက်အအုံများဆောက်လုပ်စဉ် ထိခိုက်မှုများ၊ ကွင်းဆင်းဆောင်ရွက်စဉ် မတော်တဆထိခိုက်မှုများ ပါဝင်သည်။ ဝန်ထမ်း နှင့် အကျိုးခံစားရမည့်သူများ ကဲ့သို့သော စီမံကိန်းနှင့်ဆက်စပ်သည့် လူပုဂ္ဂိုလ်များအပေါ် ပြစ်မှုကျူးလွန်ခြင်း | | |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| နှင့် ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများလည်း ပါဝင်သည်။ | | |
| **စာချုပ်ချုပ်ဆိုထားသူ (ကန်ထရိုက်တာ)များ၏ လစဉ် အစီရင်ခံစာများ**<br>ကန်ထရိုက်စာချုပ်များတွင်ပါသော စည်းကမ်းချက်များအရ စာချုပ်ချုပ်ဆိုသူ (ကန်ထရိုက်တာ)များသည် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများကို လစဉ် တင်ပြရမည်ဖြစ်ပြီး မလိုက်နာသော ကိစ္စရပ်များ သို့မဟုတ် အကောင်အထည်ဖော်မှု အားနည်းမှုများကို အရေးယူဆောင်ရွက်ရမည်။ သစ်တောဦးစီးဌာနသည် ထိုကဲ့သို့သော အစီရင်ခံစာ အားလုံးကို ထိန်းသိမ်း ထားရှိရမည်ဖြစ်ကာ ကမ္ဘာ့ဘဏ်က သုံးသပ်ရန် တောင်းခံလာသည့် အခါ ပေးနိုင်ရန် စီစဉ်ထားရှိရမည်။ အဖွဲ့အစည်းသို့ ပေးပို့သည့် ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာများ (သုံးလတစ်ကြိမ်/ ခြောက်လ တစ်ကြိမ်) သည် ကန်ထရိုက်တာများ၏ လုပ်ဆောင်ချက်စွမ်းရည်၊ ဖော်ထုတ်ခဲ့သည့် ကိစ္စရပ်များ၊ အဆိုပါကိစ္စရပ်များကို နောက်ဆက်တွဲ လုပ်ဆောင်မှုများနှင့် အကောင်အထည် ဖော်မှု အခြေအနေတို့ နှင့်ပတ်သက်ပြီး အချုပ်တင်ပြရမည်။ | စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |
| **အကဲဖြတ်ချက် အနှစ်ချုပ်** | | |
| **ESS 1 - ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ အန္တရာယ်များ(ဆိုးကျိုးအလားအလာများ) နှင့် သက်ရောက်မှုများ ဆန်းစစ်ခြင်း နှင့် စီမံခန့်ခွဲခြင်း** | | |
| ၁.၁ ဖွဲ့စည်းပုံ<br><br>ESMF အခန်း(၉)ပါ အသေးစိတ်ပြဋ္ဌာန်းချက်များနှင့်အညီ စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံး ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ အန္တရာယ်များကို စီမံခန့်ခွဲရာတွင် ပံ့ပိုးကူညီမည့် အရည်အသွေး ပြည့်မီသည့် ဝန်ထမ်းများဖြင့် အဖွဲ့အစည်းကို ဖွဲ့စည်းတည်ထောင် ထားရှိရမည်။ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာကိစ္စရပ်များ အဖွဲ့/ ပတ်ဝန်းကျင်ဆိုင်ရာ လူမှုဘဝဆိုင်ရာကိစ္စရပ်များ ထမ်းဆောင်မည့် တာဝန်ခံ တို့ကို တာဝန်ပေး | သစ်တောဦးစီးဌာနသည် စီမံကိန်းအကျိုးသက်ရောက်သည့် နေ့မှစ၍ ၃၀ ရက်အတွင်း စီမံကိန်း အကောင်အထည် ဖော်သည့် ကာလတစ်လျှောက်လုံး စီမံကိန်း၏ ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ လိုအပ်ချက်များအားလုံးကို ကြီးကြပ်ရန် တာဝန်ရှိသော စီမံကိန်း စီမံခန့်ခွဲမှုအဖွဲ့အား ဦးဆောင်မည့် နည်းပညာ ကျွမ်းကျင်သူ ခေါင်းဆောင်(များ)ကို ခန့်ထားရမည်။ | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| အပ်ထားမှုလည်း ပါဝင်သည်။ အဆိုပါ ပုဂ္ဂိုလ်များသည် ESMF အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ အစီရင်ခံခြင်းတို့ကို နေ့စဉ် တာဝန်ယူဆောင်ရွက်ရမည်။ | | |
| မြို့နယ်အဆင့် နှင့် စီမံကိန်းဆောင်ရွက်မည့် သဘာဝထိန်းသိမ်းရေးနယ်မြေတိုင်းတွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းကို ခန့်အပ်ရမည်။ | စီမံကိန်းဆောင်ရွက်မည့် သတ်မှတ်မြို့နယ်အသီးသီးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် လုပ်ငန်းဆောင်တာများ စတင်မဆောင်ရွက်မီ | သစ်တောဦးစီးဌာန |
| သင်တန်းပေးခြင်း၊ ကြီးကြပ်ခြင်း နှင့် အစီရင်ခံခြင်းအပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများကို အကြံဉာဏ်များ နှင့် ပံ့ပိုးမှုများ ပေးရန် ပတ်ဝန်းကျင်နှင့် လူမှုရေးရာ ဘေးရန်ကင်းရှင်းရေး သတ်မှတ်ချက်များဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖြစ်သည့် အမျိုးသားအကြံပေး ၃ ဦး နှင့် နိုင်ငံတကာအကြံပေး ၁ ဦး တို့ကို ခေါ်ယူခန့်ထားအသုံးပြုရမည်။ | အမျိုးသားအကြံပေး ၃ ဦး နှင့် နိုင်ငံတကာအကြံပေး ၁ ဦး တို့ကို စီမံကိန်းစတင်ပြီးနောက် ၃ လ အတွင်း ခေါ်ယူခန့်ထားအသုံးပြုရမည်။ | သစ်တောဦးစီးဌာန |
| ၁.၂ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း-<br><br>စီမံကိန်းအတွက် …….ရက်နေ့တွင် ရေးဆွဲပြုစုပြီးဖြစ်သည့် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် (ESMF) နှင့် အောက်တွင် ဖော်ပြထားသော ၎င်း၏နောက်ဆက်တွဲပါ အချက်များကို အကောင်အထည်ဖော်ရမည် (ထုတ်ပြန်မည့် ရက်စွဲကို ထည့်ရန်)<br><br>နောက်ဆက်တွဲ - ၁ - ဖြစ်လာနိုင်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်အလားအလာများနှင့် သက်ရောက်မှုများ စိစစ်ချက်ပုံစံ<br>နောက်ဆက်တွဲ - ၂ - ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး (ECoPs) | စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်<br><br>လုပ်ငန်းဆောင်တာများ စတင်မဆောင်ရွက်မီ | သစ်တောဦးစီးဌာန |

မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)
ဒီဇင်ဘာ ၁၈၊ ၂၀၂၀

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| နောက်ဆက်တွဲ - ၃ - ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များ နှင့် သက်ရောက်မှုများအား စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်<br>နောက်ဆက်တွဲ - ၄ - စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်း ပုံစံ<br>နောက်ဆက်တွဲ - ၅ - မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း/မြေမြှုပ်မိုင်း အန္တရာယ်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်း<br>နောက်ဆက်တွဲ - ၆ -ဘက်စုံ စနစ်တကျ ပိုးမွှားစီမံခန့်ခွဲမှု ယေဘုယျအစီအစဉ်<br>နောက်ဆက်တွဲ - ၇ - စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ယေဘုယျအစီအစဉ်<br>နောက်ဆက်တွဲ - ၈ - လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ<br>နောက်ဆက်တွဲ - ၉ - ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု အစီအစဉ်<br>နောက်ဆက်တွဲ - ၁၀ - ရပ်ရွာလူထုကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အစီအစဉ်<br>နောက်ဆက်တွဲ - ၁၁ - နေရာပြောင်းရွှေ့ချထားရေး စီစဉ်ဆောင်ရွက်ခြင်း မူဘောင်<br>နောက်ဆက်တွဲ - ၁၂ - လုပ်ငန်းစဉ်မူဘောင်<br>နောက်ဆက်တွဲ - ၁၃ - ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ရေး စီစဉ်ဆောင်ရွက်ခြင်း မူဘောင်<br>နောက်ဆက်တွဲ - ၁၄ - ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း<br>နောက်ဆက်တွဲ - ၁၅ - နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်း အတွက် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များ (ToR)<br>နောက်ဆက်တွဲ - ၁၆ - ဆွေးနွေးပွဲများ အနှစ်ချုပ် | | |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| စီမံကိန်းအတွက် ပြုစုထားသော နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းအတွက် ယေဘုယျ တာဝန်နှင့်ဝတ္တရားများ<br><br>(ToR)ကို အသုံးပြုလျက် ESMF တွင် ဖော်ပြထားသည့်အတိုင်း နေရာဒေသအလိုက် လူမှုဘဝဆိုင်ရာ ဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည် (ညွှန်း - ESMF နောက်ဆက်တွဲ ၁၅) | | |
| ၁.၃ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် နည်းနာများ (အသုံးပြုရမည့် အရာများ) စီမံခန့်ခွဲမှု (Management Tools and Instruments)<br><br>ကန်ထရိုက်တာများအတွက် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (C-ESMP) နမူနာပုံစံကို ရေးဆွဲပြုစုရမည်။<br><br>ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (ESMP)ပြုစုရန် အတွက် လမ်းညွှန်ချက်/ တာဝန်နှင့်ဝတ္တရားများ ရေးဆွဲပြုစုရမည်။<br><br>ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲရေးမူဘောင် (ESMF) နှင့်အညီ စီမံကိန်းအတွက် ပြုစုထားသော စိစစ်ရေးပုံစံကို အသုံးပြုကာ (ESMF နောက်ဆက်တွဲ - ၁) အဆိုပြုထားသော စီမံကိန်းလုပ်ငန်းများကို စိစစ်ရမည်။ ထို့နောက် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (ESMP)များ သို့မဟုတ် အခြားလိုအပ်သော ပတ်ဝန်းကျင်နှင့် လူမှုဘဝ ဆိုင်ရာ အသုံးပြုဆောင်ရွက်ရမည့် အရာများ ဥပမာ- ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း(IEE)၊ ပတ်ဝန်းကျင်နှင့်လူမှုဘဝ ထိခိုက်မှု ဆန်းစစ်ခြင်း (ESIA) ပြုစုခြင်း၊ ကျင့်သုံးခြင်း၊ ထုတ်ပြန်ခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့ကို အဖွဲ့အစည်းက လက်ခံနိုင် | စီမံကိန်းစတင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း<br><br>သီးခြားလုပ်ငန်းဆောင်တာများ စတင်ဆောင်ရွက်ခြင်း မပြုမီရေးဆွဲပြုစုကာ အတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် နည်းနာများ ကို စီမံကိန်း အကောင်အထည်ဖော်သည့်ကာလတစ်လျှောက် အသုံးပြုရမည် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| သော နည်းလမ်းဖြင့် လိုအပ်သလို ရေးသားပြုစု၊ ကျင့်သုံး၊ ထုတ်ပြန်ကာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။<br><br>*ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စာရွက်စာတမ်းများ နှင့်/သို့မဟုတ် အစီအစဉ်များ နှင့်/သို့မဟုတ်* တာဝန်နှင့်ဝတ္တရားများ (ToRs)*ကို အဖွဲ့အစည်း၏ ကြိုတင်သုံးသပ်မှု နှင့် အတည်ပြုချက် ယူရန်လိုသည်။*<br><br>*ရေးဆွဲပြုစုပြီး အတည်ပြုသည်နှင့်တစ်ပြိုင်နက်* ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် နည်းနာများ ကို *စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် အသုံးပြုရမည်။* | | |
| သီးခြား ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ (ESMPs) ရေးဆွဲပြင်ဆင်ရန် မလိုအပ်သည့် လုပ်ငန်းဆောင်တာများ၏ အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် စီမံကိန်းအတွက် ပြုစုထားသည့် ESMF နောက်ဆက်တွဲ -၂ တွင် ပါဝင်သော ECoPs ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ | ***စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက်*** | သစ်တောဦးစီးဌာန |
| လူမှုဘဝဆိုင်ရာ အန္တရာယ်နှင့်သက်ရောက်မှု ဆန်းစစ်ချက် နှင့် အစီအမံများ၊ ဆက်သွယ်ညှိနှိုင်းမှု ဆိုင်ရာ သတ်မှတ်ချက်များ၊ နစ်နာမှု တိုင်ကြားချက်များ လုပ်ထုံးလုပ်နည်း၊ လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်း များ၊ လုပ်သားများ နစ်နာမှုတိုင်ကြားချက်များဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ရပ်ရွာလူထု ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဘေးရန်ကင်းရှင်းရေး လုပ်ငန်း များ ပါဝင်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက် (CFMP)များ ကို တစ်ခုချင်း ရေးဆွဲပြင်ဆင်ရမည်ဖြစ်ပြီး ထိုသို့ရေးဆွဲရာတွင် စီမံကိန်း ESMF ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရေးဆွဲထားသော CFMPs အတွက် လမ်းညွှန်ချက်များနှင့် ကိုက်ညီရမည် (နောက်ဆက်တွဲ ၃)။ | စီမံကိန်းက ပံ့ပိုးထားသော အသုံးပြုသူများအဖွဲ့ များအတွက် CFMPs ရေးဆွဲပြင်ဆင်မှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ် မရခင်ကာလတွင် CFMPs များသည် အသုံးပြုသူများ အဖွဲ့(CFUG)[1]တိုင်းက ရေးဆွဲပြုစုထားသော စံသတ်မှတ်ချက်နှင့်ကိုက်ညီသော စာရွက်စာတမ်းများ ဖြစ်သည်။ | | |
| သဘာဝထိန်းသိမ်းရေးနယ်မြေများ သို့မဟုတ် စီမံကိန်းအတွက် မြေအသုံးချခွင့်ပြုထားသော နေရာများတွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်အလားအလာများနှင့် ထိခိုက်မှုများ တိတိကျကျ သိရှိရန်အတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း အစီအစဉ်များကို သုံးသပ်ရမည်။ | အပြီးသတ်မတိုင်ခင်/အဆိုပါအစီအစဉ်များ မထုတ်ပြန်မီ/အတည်မပြုမီ | သစ်တောဦးစီးဌာန |
| မူဝါဒအပြောင်းအလဲများကို သုံးသပ်ရန် မူဝါဒပြုပြင်ပြောင်းလဲရေး ကနဦး ဆောင်ရွက်မှုများ နှင့် နည်းပညာအကူအညီ အတွက် တာဝန်နှင့်ဝတ္တရားများ (ToRs) ကို သေချာစွာ သုံးသပ်ရမည်။ သို့မှသာ အဆိုပြုသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း ပြဌာန်းချက်များ အပါအဝင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အကျိုးသက်ရောက်မှုများကို သေချာစွာ အလေးထား စဉ်းစား စေမည်ဖြစ်သည်။ | သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပြုစုရေးဆွဲနေစဉ်အတွင်း | သစ်တောဦးစီးဌာန |
| ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ အပိုင်းတစ်ရပ်အဖြစ် ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခွင့် လိုင်စင် သို့မဟုတ် အခြားသော အခွင့်အာဏာများ ပေးရန် ပြဌာန်းချက်တွင်ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ သက်ရောက်မှုများအား စီမံခန့်ခွဲမှုအတွက် သတ်မှတ်ချက်များ ပါဝင်စေရမည်။ | ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု အထောက်အပံ့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် | သစ်တောဦးစီးဌာန |

[1] **အသုံးပြုသူများ အဖွဲ့** - အသုံးပြုသူများအဖွဲ့ဆိုသည်မှာ သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး ၅ မိုင်ပတ်လည်အတွင်း ၅ နှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနက် သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကို အမှန်တကယ်မှီခိုအသုံးပြု၍ တိုက်ရိုက်အကျိုးသက်ဆိုင်သည့် အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကိုဆောင်ရွက်သည့်အဖွဲ့ကို ဆိုလိုသည်။ သို့ရာတွင် အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော သစ်တောများတွင် ဖြစ်စေ၊ ဒေသအခြေအနေအရဖြစ်စေ ခရိုင်သစ်တောအရာရှိက နေထိုင်သည့် နေရာအကွာအဝေး သို့မဟုတ် နေထိုင်ခဲ့သည့် အချိန်ကာလကို ကင်းလွတ်ခွင့် ပြုနိုင်သည်။

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| ၁.၄ ကန်ထရိုက်တာများအား စီမံအုပ်ချုပ်ခြင်း<br><br>ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ၊ ECOPs များ၊ အခြားသော အသုံးပြုရမည့် နည်းနာများ၊ ESS2 ပါ သတ်မှတ်ပြဌာန်းချက်များ နှင့် အခြားလိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (EHS) ဆိုင်ရာ အစီအမံများ အပါအဝင် ဤ ESCP နှင့် စီမံကိန်း ESMF ပါ သင့်လျော်သော အပိုင်း/ရှုထောင့်အမြင်များကို လုပ်ငန်းခေါ်ယူရေး သတ်မှတ်စာရွက်စာတမ်းများ နှင့် ကန်ထရိုက်တာများ၊ ကြီးကြပ်မည့် လုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုရာတွင် ထည့်သွင်းရမည်။<br><br>ထို့နောက် ကန်ထရိုက်တာများ၊ ကြီးကြပ်မည့်လုပ်ငန်းများအား ၎င်းတို့စာချုပ်ပါ ESH သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေရမည်။ အဆိုပါ မူများအား ၎င်းတို့၏ ESMPs များတွင်လည်း ထည့်သွင်းထားစေရမည်။<br><br>ကန်ထရိုက်တာတိုင်းသည် ကန်ထရိုက်တာများ လိုက်နာရမည့် ပတ်ဝန်းကျင်နှင့်လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် (C-ESMP)ကို ပြုစုရန်နှင့် အကောင်အထည်ဖော်ရန် စာချုပ် ချုပ်ဆိုရမည်။ C-ESMP သည် ဆောင်ရွက်ရမည့် သီးခြား E&S စီမံခန့်ခွဲမှု အစီအမံများ ဖော်ပြချက်များ ပါဝင်မည်ဖြစ်ပြီး ကောင်းမွန်သော လုပ်ဆောင်ချက်စွမ်းရည်အတွက် မက်လုံး သို့မဟုတ် ညံ့ဖျင်းသော လုပ်ဆောင်ချက်စွမ်းရည်အတွက် ပြစ်ဒဏ်/အဟန့်အတားများ ပေးမည်ဆိုသော သီးသန့်ဖော်ပြသည့် စကားရပ် စာချုပ်တွင် ပါဝင်မည်ဖြစ်သည်။ C-ESMP တိုင်းတွင် နေ့စဉ် အလုပ်များကို သုံးသပ်ခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်းဆိုင်ရာ သီးခြားတာဝန်များကို ဖော်ပြထားရမည်။ C-ESMP သည် သက်ဆိုင်သည့် နိုင်ငံ့ဥပဒေများကို လိုက်နာရမည်ဖြစ်ပြီး စီမံကိန်းအတွက် အသုံးပြုရမည့် | တင်ဒါခေါ်ယူသည့် စာရွက်စာတမ်းများ ရေးဆွဲပြုစု ခြင်း မတိုင်မီ<br><br>စီမံကိန်း အကောင်အထည်ဖော်သည့် ကာလ တစ်လျှောက် ESH စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုခြင်း အပါအဝင် ကန်ထရိုက်တာများအား ကြီးကြပ်ရမည် | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| ကမ္ဘာ့ဘဏ်၏ သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့်လူမှုရေးရာ စံသတ်မှတ်ချက်များ (ESS)ပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရပေမည်။<br><br>အဆိုပါ လိုက်နာဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုခြင်းကို အဆင့်တိုင်းတွင် E&S တာဝန်ယူထားသည့် ပုဂ္ဂိုလ်များက ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက ကျွမ်းကျင်သူများက သို့မဟုတ် ငှားရမ်းထားသော/ပြင်ပကြီးကြပ်သူများက ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ရမည်။ | | |
| လေလံဆိုင်ရာ စာရွက်စာတမ်းများအားလုံးတွင် ကန်ထရိုက်တာတိုင်းက အစီရင်ခံရန် တာဝန်ရှိသည့် ပတ်ဝန်းကျင်နှင့်လူမှုရေးရာ ပြဋ္ဌာန်းချက်များ စနစ်တကျ ဖော်ပြပါဝင်ရမည်။ | | သစ်တောဦးစီးဌာန |
| **၁.၅ အရေးပေါ်အခြေအနေတုံ့ပြန်မှုအတွက် ရန်ပုံငွေ ထောက်ပံ့ခြင်း**<br><br>(က) ရန်ပုံငွေ ထောက်ပံ့မှုဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်သည့် အရေးပေါ်အခြေအနေတုံ့ပြန်မှုအစီအစဉ် လက်စွဲတွင် သတ်မှတ်ထားသည့်အတိုင်း ESSs နှင့်အညီ အရေးပေါ်အခြေအနေတုံ့ပြန်မှုအစီအစဉ် အကောင်အထည်ဖော်ခြင်းအတွက် CERC-ESMF ဖြည့်စွက်ချက် အပါအဝင် ပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဆန်းစစ်ခြင်းများ နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုဆိုင်ရာ ဖော်ပြချက်များ ပါဝင်စေရမည်။ | (က) စီမံကိန်းအတွက် ရန်ပုံငွေ ထောက်ပံ့မှု ဆိုင်ရာ သဘောတူညီချက် အစီအစဉ်/ဇယား ၂ ၏ အပိုင်း .... အောက်ရှိ အမျိုးအစား.... အတွက် အဖွဲ့အစည်းက လက်ခံသော ပုံစံ နှင့် အကြောင်းအရာ များပါသည့် CERC လက်စွဲကို ကျင့်သုံးဆောင်ရွက်ကာ ထုတ်ယူသုံးစွဲနိုင်သော အခြေအနေဖြစ်သည်။<br><br>(ခ) စီမံကိန်း၏ အရေးပေါ်အခြေအနေတုံ့ပြန်မှု အစီအစဉ်အရ သင့်လျော်သည့် စီမံကိန်း လုပ်ငန်းဆောင်တာများ | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| (ခ) စီမံကိန်း၏ အရေးပေါ်အခြေအနေတုံ့ပြန်မှုအစီအစဉ်အရ ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများအတွက် လိုအပ်သော ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် နည်းနာများ ကို CERC လက်စွဲ၊ CERC-ESMF ဖြည့်စွက်ချက် နှင့် ESSs တို့နှင့်အညီ ရေးဆွဲပြုစု၊ ထုတ်ပြန်၊ တိုင်ပင်ဆွေးနွေးကာ ကျင့်သုံးရမည်။ ထို့နောက် ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ သို့မဟုတ် နည်းနာများက ဆိုထားသည့်အတိုင်း လိုအပ်သော အစီအမံများနှင့် လုပ်ငန်းဆောင်တာများကို ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များ သို့မဟုတ် နည်းနာများတွင် သတ်မှတ်ထားသည့် ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ | မဆောင်ရွက်မီ ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် နည်းနာများကို ရေးဆွဲ ပြုစု၊ ထုတ်ပြန်၊ တိုင်ပင်ဆွေးနွေးကာ ကျင့်သုံးဆောင်ရွက်ရမည်။ ပတ်ဝန်းကျင် နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် သို့မဟုတ် နည်းနာများကို စီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ရမည်။ | |
| **ESS 2: လုပ်သား နှင့် လုပ်ငန်းခွင် အခြေအနေ** | | |
| ၂.၁ လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ-<br><br>စီမံကိန်းအား ESS 2 ပါ ကျင့်သုံးရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ရာတွင် လုံလောက်သော လုပ်ငန်းခွင် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊ (အရေးပေါ် အခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားခြင်း နှင့် တုံ့ပြန်ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်း/ အစီအမံများ အပါအဝင်)၊ စီမံကိန်းလုပ်သားများအတွက် နစ်နာမှုတိုင်ကြားချက်များ ဖြေရှင်းပေးရန် ချမှတ်ထားသည့် အစီအစဉ်များ ဖော်ပြထားခြင်း နှင့် လုပ်ငန်းခေါ်ယူရေး စာရွက်စာတမ်းများ နှင့် ကန်ထရိုက်တာများ၊ ကြီးကြပ်သည့် လုပ်ငန်းများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ရာတွင် EHS ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ ထည့်သွင်းထားခြင်း များ ပါဝင်စေလျက် စီမံကိန်းအတွက် ပြုစုထားသည့် လုပ်သားစီမံခန့်ခွဲမှု | စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| လုပ်ထုံးလုပ်နည်းများနှင့်အညီ (ESMF နောက်ဆက်တွဲ ၈) အဖွဲ့အစည်းက လက်ခံသော နည်းလမ်းဖြင့် ဆောင်ရွက်ရမည်။<br><br>အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကုမ္ပဏီများက ခန့်အပ်ထားသော/ စာချုပ်ချုပ်ဆိုထားသော လုပ်သားများအတွက် ၎င်းတို့ကိုယ်ပိုင်မူဝါဒများ ကျင့်သုံးရမည်။ ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူညီမှုများကို အကောင်အထည်မဖော်မီ အဆိုပါမူဝါဒများကို စီမံကိန်းလုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ နှင့် နိုင်ငံတော်၏ အလုပ်သမားဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆီလျော်ညီညွတ်မှု၊ ပြည့်စုံလုံလောက်မှု ရှိမရှိ အကဲဖြတ်ရမည်။<br><br>စီမံကိန်းအကြံပေးများ/စာချုပ်ချုပ်ဆိုထားသည့် ဝန်ထမ်းများကို စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း လုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံအုပ်ချုပ်ရမည်။<br><br>ဒေသခံ/ရပ်ရွာလုပ်သားများနှင့်စပ်လျဉ်း၍ ဒေသခံ/ရပ်ရွာ လုပ်သားများ၏ အခြေအနေသည် စီမံကိန်း၏ သဘောသဘာဝ နှင့် အတိုင်းအတာပေါ်တွင် မူတည်၍ ဒေသအတွင်းသာ သက်ရောက်သည့် အနေအထားဖြစ်ကာ ဆိုးကျိုးအလားအလာလည်း နည်းပေမည်။<br><br>စီမံကိန်းလုပ်သားစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ အားလုံးကိုခြုံငုံကာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး လက်စွဲထဲတွင် ပေါင်းစပ်ထည့်သွင်းရမည်။ | | |
| ၂.၂ စီမံကိန်းလုပ်သားများအတွက် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ် | စီမံကိန်းလုပ်သားများကို အလုပ်မခန့်ထားခင်ကပင် နစ်နာမှုတိုင်ကြားချက်များ ဖြေရှင်းဆောင်ရွက်ပေးသည့် | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့ အစည်း/အာဏာပိုင်* |
| စီမံကိန်းလုပ်သားများအတွက် နစ်နာမှုတိုင်ကြားချက်များ နှင့် အကြံပြုချက်များ အား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ် တည်ထောင်ထားရှိကာ ဆက်သွယ်ညှိနှိုင်းခြင်း၊ ဖြေရှင်းခြင်းများ ပြုလုပ်ရမည်။<br>ESS2 နှင့်အညီ နစ်နာမှုတိုင်ကြားချက်များဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများကို လက်လှမ်းမီအသုံးပြုနိုင်ရန် ဆောင်ကျဉ်းပေးထားရမည် ဖြစ်ကာ စိုးရိမ်ပူပန်မှုများ၊ နစ်နာမှုတိုင်ကြားချက်များကို ပြေလည်စေရန် ဖြေရှင်းဆောင်ရွက်ခြင်း နှင့် ဖြေရှင်းထားမှုများကို စီမံကိန်းလုပ်သားများသို့ ဆက်သွယ်အသိပေးရမည်။ | စနစ်/နည်းလမ်းကို ထားရှိကာ စီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် ဆက်လက်ထားရှိရမည်။ | |
| ၂.၃ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး (OHS) အစီအမံများ-<br><br>ESMF (ECOP အပါအဝင်) နှင့် လုပ်ငန်း အပိုင်း ၁.၃ အရ လိုအပ်သလို ပြုစုထားသည့် အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အရာများတွင် သတ်မှတ်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အစီအမံများ(OHS)ကို ရေးဆွဲပြင်ဆင်၊ ကျင့်သုံး၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ | စီမံကိန်းလုပ်သားများကို အလုပ်မခန့်ထားခင်ကပင် လုပ်ဆောင်မည့် OHS အစီအမံများကို ထားရှိကာ စီမံကိန်း အကောင်အထည်ဖော်သည့် ကာလတစ်လျှောက် ဆက်လက်ထားရှိရမည်။ | သစ်တောဦးစီးဌာန |
| **ESS 3 အရင်းအမြစ်များ ထိရောက်စွာ အသုံးချခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း** | | |
| ၃.၁ အရင်းအမြစ်များ ထိရောက်စွာ အသုံးချခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း<br><br>ကန်ထရိုက်အားလုံး၏ ကန်ထရိုက်စာချုပ်များတွင် အရည်နှင့် စွန့်ပစ်အစိုင်အခဲများ (ပလတ်စတစ်အမှိုက်အပါအဝင်)၊ ဆောက်လုပ်ရေးလုပ်ငန်း အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်း၊ ထွက်ရှိလာမည့် ဖုန်မှုန့်များ စီမံခန့်ခွဲမှု၊ ရေအရင်း | ကန်ထရိုက်တာများနှင့် ကန်ထရိုက်စာချုပ် လက်မှတ်မထိုးမီ | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| အမြစ်များ ညစ်ညမ်းနိုင်မှုအား စီမံခန့်ခွဲမှု၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းများ ဆောင်ရွက်စဉ် အသံဆူညံမှု အပါအဝင် မိလ္လာ/သန့်ရှင်းရေး စီမံခန့်ခွဲမှုများ အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ ပါဝင်သည်။ (အသေးစိတ်သိရှိရန် ESMF နောက်ဆက်တွဲ ….. ကိုလည်း ကြည့်ပါ) | | |
| သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသော လုပ်ငန်းဆောင်တာအားလုံးသည် စီမံကိန်းအတွက် ပြုစုထားသော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအစီအစဉ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာစေရမည် (အသေးစိတ်သိရှိရန် ESMF နောက်ဆက်တွဲ ၇ ကို ကြည့်ပါ) | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |
| ရပ်ရွာလူထု နှင့်/သို့မဟုတ် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းက တိုက်ရိုက်(ကိုယ်တိုင်)ဆောင်ရွက်သည့် အသေးစား ဆောက်လုပ်ရေး လုပ်ငန်းများအားလုံးသည် စီမံကိန်းအတွက် ပြုစုထားသော ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးလိုက်နာရမည့် ကျင့်ထုံး(ECOP) (ESMF နောက်ဆက်တွဲ ၂)ကို လိုက်နာစေရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |
| **ESS 4: ရပ်ရွာလူထုကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး** | | |
| ၄.၁ ရပ်ရွာလူထုကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး<br><br>လုပ်သားများအလျှံပယ်များပြားလာမှု၊ ဆောက်လုပ်ရေးဆိုင်ရာ အန္တရာယ်များ၊ ရပ်ရွာလူထုအား ကူးစက်နိုင်သည့် ကူးစက်ရောဂါများ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလ၌ စီမံကိန်းအတွက် ပြုစုထားသော ရပ်ရွာလူထုကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အစီအစဉ် (CHMP) တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း (အသေးစိတ်သိရှိရန် ESMF နောက်ဆက်တွဲ ၁၀ ကိုကြည့်ပါ) နှင့်/သို့မဟုတ် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလအတွင်း လုပ်ငန်းပေါ်မူတည်၍ ပြုစုရမည့် သီးခြား ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အသုံးပြုရမည့် အရာများ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)
ဒီဇင်ဘာ ၁၈၊ ၂၀၂၀

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| အပါအဝင် စီမံကိန်းလုပ်ငန်းများကြောင့် ရပ်ရွာလူထုအပေါ် ကျရောက်မည့် အန္တရာယ်များ နှင့် သက်ရောက်မှုများကို ဆန်းစစ်၍ စီမံခန့်ခွဲရန် အစီအမံများနှင့် လုပ်ငန်းဆောင်တာများကို လိုအပ်လျှင် လိုအပ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ | | |
| အတိတ်က စစ်မက်ပဋိပက္ခဖြစ်ပွားခဲ့သော စီမံကိန်းနေရာများတွင် စီမံကိန်းအတွက် ပြုစုထားသည့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်း/မြေမြှုပ်မိုင်း အန္တရာယ်များ စိစစ်ခြင်း၊ အသိပေးထုတ်ပြန်ခြင်း နှင့် သက်ဆိုင်ရာ လုပ်ငန်း/ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များ ပါဝင်သော လုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်သုံးလိုက်နာရမည့် လုပ်ထုံးလုပ်နည်း (ESMF နောက်ဆက်တွဲ ၅ ကို ကြည့်ပါ)ကို အသုံးပြုကာ ဘေး သို့မဟုတ် အန္တရာယ် ဆန်းစစ်ခြင်း ဆောင်ရွက်ရမည်။ | နေရာအသစ်များတွင် လုပ်ငန်းဆောင်တာများ စတင်ဆောင်ရွက်ခြင်း မပြုမီ | သစ်တောဦးစီးဌာန |
| **၄.၂ ကျား/မ(လိင်)အခြေပြု အကြမ်းဖက်မှု နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု အန္တရာယ်များ**<br><br>ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ စီမံခန့်ခွဲမှု မူဘောင်တွင် ဖော်ပြထားသည့်အတိုင်း ကျား/မ(လိင်)အခြေပြု အကြမ်းဖက်မှု(GBV) နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု(SEA) အန္တရာယ်များကို ဆန်းစစ်၍ စီမံခန့်ခွဲရန် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို အကောင် အထည်ဖော်ဆောင်ရွက်ရမည်။ ထို့သို့ဆောင်ရွက်ရာတွင် စီမံကိန်း ဆက်စပ် ပတ်သက်သူများအားလုံးအတွက် ထိုသို့သော ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ တုံ့ပြန် ဖြေရှင်းပေးမည့် နည်းလမ်းတစ်ရပ်ကို တည်ထောင်ထားရှိခြင်းလည်း ပါဝင်သည် - ဆိုလိုသည်မှာ ကျန်ရစ်သူကို သင့်တော်သော ပြန်လည်ထူထောင်ရေးအဖွဲ့ထံ လွှဲပြောင်းပေးခြင်း- စီမံကိန်းသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားပြုခြင်း | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| သို့မဟုတ် မတော်မတရာပြုခြင်းကင်းသော လူမျိုးစုံသည့် လေးစားထိုက်မှုရှိသော လုပ်ငန်းခွင်များ တည်ထောင်ထားရှိခြင်းကို ပံ့ပိုးပေး ရမည်။ | | |
| **၄.၃ လုံခြုံရေးဝန်ထမ်းများ**<br><br>စီမံကိန်းက ပံ့ပိုးပေးထားသည့် တရားဥပဒေစိုးမိုးမှုရှိစေမည့် လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍ စီမံကိန်းအတွက် ပြုစုထားသော လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်ရမည် (အသေးစိတ်ကို ESMF နောက်ဆက်တွဲ ၉ တွင် ကြည့်ပါ)။ အထူးသဖြင့် တရားမဝင်သစ်ထုတ်ခြင်းကို ထိန်းချုပ်ရန် ရည်ရွယ်လုပ်ဆောင်သည့် လုပ်ငန်းများတွင် သစ်တောဝန်ထမ်းများအား အစောင့်အရှောက်အဖြစ် လိုက်ပါမည့် ပြည်သူ့ရဲများပါဝင်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ရှောင်ရှားခြင်း၊ လျော့နည်း စေခြင်း၊ လျော့ချခြင်း တို့ကို အလေးပေးဆောင်ရွက်ရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |
| **၄.၄ ပိုးမွှား စီမံခန့်ခွဲမှု**<br><br>စီမံခန့်ခွဲမှုအစီအစဉ်များ နှင့် ကန်ထရိုက်စာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ စီမံကိန်းအတွက် ပြုစုထားသည့် ဘက်စုံ စနစ်တကျ ပိုးမွှားစီမံခန့်ခွဲမှု အစီအစဉ်ကို ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည် (အသေးစိတ်သိရှိရန် ESMF နောက်ဆက်တွဲ ၆ ကိုကြည့်ပါ)။ တာဝန်ယူရမည့် သစ်တောဝန်ထမ်းများ နှင့် အသုံးပြုသူများအဖွဲ့များအား ၎င်းတို့၏ လုပ်ငန်းဆောင်တာများနှင့် ဆီလျော်သော ပိုးမွှားစီမံခန့်ခွဲမှုဆိုင်ရာ အဓိကပြဌာန်းချက်/ စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် သင်တန်းများ (သစ်တောဝန်ထမ်းများက သင်ကြားပေးခြင်း သို့မဟုတ် တာဝန်အပ်နှင်းထားသည့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများက သင်ကြားပေးခြင်း) သင်ကြားပြသ ပေးထားရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| ၄.၅ ရပ်ရွာလူထုအား သင်တန်းပေးခြင်း<br><br>စီမံကိန်း လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ဤအပိုင်းတွင် သတ်မှတ်ထားသည့် အန္တရာယ်များနှင့် စပ်လျဉ်းသော အသိပညာများ မြင့်တက်လာစေရန် နှင့် သက်ရောက်မှုများကို လျှော့ချရန် ဒီဇိုင်းဆင်ထားသော ရပ်ရွာလူထုအတွက် လုပ်ငန်းဆောင်တာများကို ဒေသခံပြည်သူ/ရပ်ရွာလူထုများ အမြဲပါဝင် ဆောင်ရွက်စေခြင်း(နှင့် အမြဲ ဆက်သွယ်ညှိနှိုင်းခြင်း) ဖြင့် လုပ်ဆောင်ရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | မြို့နယ်အဆင့် သစ်တောဦးစီးဌာန |
| ၄.၆ ယာဉ် အန္တရာယ် နှင့် လမ်း အန္တရာယ်ကင်းရှင်းရေး<br><br>အထက်ဖော်ပြပါ လုပ်ငန်း ၁.၃ အရ ရေးဆွဲဖော်ထုတ်ရမည့် ESMPs များထဲတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ယာဉ်အန္တရာယ် နှင့် လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဆိုးကျိုးအလားအလာများကို ဆန်းစစ်၍ စီမံခန့်ခွဲနိုင်မည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများကို ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။<br><br>ယာဉ်အန္တရာယ် နှင့် လမ်းအန္တရာယ် ကင်းရှင်းရေး ကိစ္စများကို C-ESMPs များတွင် ထည့်သွင်းရေးဆွဲစေရမည်ဖြစ်ပြီး လိုက်နာမှုရှိမရှိ(အာဏာသက်ဝင်မှု ရှိမရှိ) စောင့်ကြပ်ကြည့်ရှုစေရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက်<br><br>C-ESMPs များ ရေးဆွဲပြုစုသည့် ကာလအတွင်း နှင့် တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်သည့် ကာလအတွင်း | သစ်တောဦးစီးဌာန |
| **ESS 5 မြေသိမ်းခြင်း၊ မြေအသုံးချမှု ကန့်သတ်ခြင်းနှင့် ဆန္ဒမပါသော နေရာပြောင်းရွှေ့ရခြင်း** | | |
| ၅.၁ နေရာပြောင်းရွှေ့ချထားရေး အစီအစဉ်များ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| စီမံကိန်းအတွက် ပြုစုထားသော နေရာပြောင်းရွှေ့ချထားရေး မူဝါဒမူဘောင် (ESMF နောက်ဆက်တွဲ ၁၁ အရ ရေးဆွဲပြုစုထားသော) များနှင့် ကိုက်ညီသော နေရာဒေသအလိုက် နေရာပြောင်းရွှေ့ချထားရေး လုပ်ငန်းအစီအစဉ်များ(RAPs)/ နေရာပြောင်းရွှေ့ချထားရေး လုပ်ငန်းအစီအစဉ်များ အကျဉ်းချုံးဖော်ပြချက် (ARAP) တို့ကို ESS 5 နှင့်အညီ ရေးဆွဲပြုစု၊ ကျင့်သုံး၊ အသိပေးဆက်သွယ်၊ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့နောက် လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းမပြုမီ သက်ဆိုင်ရာ RAPs များကို အဖွဲ့အစည်းက လက်ခံသော နည်းလမ်းဖြင့် ကျင့်သုံး အကောင်အထည်ဖော်ရမည်။ | | |
| ၅.၂ သယံဇာတအသုံးပြုခွင့်/ ဝင်ထွက်သွားလာခွင့်အား ကန့်သတ်ခြင်း<br><br>စီမံကိန်းကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ရှိ သယံဇာတများသုံးစွဲခွင့်၊ ဝင်ထွက်သွားလာခွင့် ကန့်သတ်ခံရမှုကို တွေ့ကြုံရသည့် ဒေသခံများအတွက် လုပ်ငန်းစဉ်မူဘောင် (ESMF နောက်ဆက်တွဲ ၁၂) ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ တစ်လျှောက် | သစ်တောဦးစီးဌာန |
| **ESS 6 ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့် ရေရှည်တည်တံ့ ကောင်းမွန်သော သက်ရှိ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု** | | |
| ၆.၁ ဇီဝမျိုးစုံမျိုးကွဲအပေါ် အန္တရာယ်များ နှင့် သက်ရောက်မှုများ<br><br>သဘာဝ ကျက်စားဒေသများ သိသာကြီးမားစွာ ဆုံးရှုံးမှု သို့မဟုတ် အဆင့်အတန်း ကျဆင်းမှုကို ရှောင်ရှားရန်၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သို့မဟုတ် အရေးကြီးသော ကျက်စားဒေသများ ပျက်စီးစေခြင်းမှ ရှောင်ရှားရန် စီမံကိန်း လုပ်ငန်းဆောင်တာ များ(တည်ဆောက်ရေး လုပ်ငန်းများ) ကို လိုအပ်သလို စီမံကိန်း ESMF (နောက်ဆက်တွဲ ၁) နှင့်အညီ စိစစ်ပြီး လုပ်ငန်းအလိုက် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ အစီအမံများကို ရေးဆွဲပြင်ဆင်ရန် | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ တစ်လျှောက် လုပ်ငန်းဆောင်တာများ စီစဉ်ရေးဆွဲခြင်း အဆင့် ကာလအတွင်း နှင့် လုပ်ငန်းဆောင်တာများ အကောင်အထည်မဖော်မီ | သစ်တောဦးစီးဌာန |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| အထက်ဖော်ပြပါ လုပ်ငန်း ၁.၃ အရ ရေးဆွဲဖော်ထုတ်ထားသည့် နေရာဒေသအလိုက် ESMPs များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အဆိုပြုထားသော လုပ်ငန်းများကြောင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုနှင့် အန္တရာယ်များကို ရှောင်ရှားရန်၊ လျော့နည်းစေရန် အစီအမံများကို အဖွဲ့အစည်းက လက်ခံသော နည်းလမ်းဖြင့် ESMF (အခန်း ၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲဖော်ထုတ် အသုံးပြုကာ စောင့်ကြပ်ကြည့်ရှုရမည်။ | ESMPs များ ရေးဆွဲပြုစုသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် | သစ်တောဦးစီးဌာန |
| စီမံကိန်း ESMF အစိတ်အပိုင်းတစ်ရပ်အဖြစ် (နောက်ဆက်တွဲ ၃ ) ပြုစုထားသော CFMPs များအတွက် လမ်းညွှန်ချက်များနှင့်အညီ စီမံကိန်း က ပံ့ပိုးထားသည့် CFMPs များကို ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုနှင့် အန္တရာယ်များကို ကောင်းစွာ ထည့်သွင်းစဉ်းစားကာ ရေးဆွဲပြုစုစေရမည်။ | စီမံကိန်းက ပံ့ပိုးထားသည့် CFUGs များအတွက် CFMPs များ ရေးဆွဲပြုစုသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် | သစ်တောဦးစီးဌာန |
| ESS ၇ ဌာနေတိုင်းရင်းသားများ/ အာဖရိက-ဆာဟာရတောင်ပိုင်းဒေသရှိ အစဉ်အဆက် ဖွံ့ဖြိုးမှုအခွင့်အလမ်းနည်းပါးခဲ့သော ဒေသခံ ရိုးရာဓလေ့ကျင့်သုံးသည့် ရပ်ရွာပြည်သူများ | | |
| ၇.၁ ဌာနေတိုင်းရင်းသားများ ရှိနေသော သို့မဟုတ် ယင်းလူစုလူဝေး တစ်ရပ်လုံးက စုပေါင်းကာ အစွဲထားမြတ်နိုးမှု(စုပေါင်းဆက်စပ်မှု)ရှိနေသော စီမံကိန်းဧရိယာ<br><br>စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ရေးဆွဲစီစဉ်ထားသည့် ဌာနေတိုင်းရင်းသားများ ရှိနေသော သို့မဟုတ် ၎င်းတို့ လူစုလူဝေးတစ်ရပ်လုံးက စုပေါင်းကာ အစွဲထားမြတ်နိုးမှု ရှိနေသော စီမံကိန်းဧရိယာများတွင် ဖြစ်နိုင်ပါက သင့်တော်သည့် ယဉ်ကျေးမှုထုံးစံများဖြင့် ချဉ်းကပ်သော၊ လွတ်လပ်စွာ ကြိုတင်အသိပေး တိုင်ပင်၍ ရယူသော သဘောတူညီမှု နည်းလမ်းဖြင့် ဆောင်ရွက်ထားသော ဌာနေတိုင်းရင်းသား အုပ်စုများနှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခြင်း အစီအစဉ်မူဘောင် (CPPF) (ESMF | လုပ်ငန်းဆောင်တာများ စီစဉ်ရေးဆွဲခြင်းအဆင့် ကာလအတွင်း နှင့် လုပ်ငန်းဆောင်တာများ အကောင်အထည်မဖော်မီ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| မြန်မာ - “မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း” (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့ အစည်း/အာဏာပိုင်* |
| နောက်ဆက်တွဲ ၁၃) နှင့်အညီ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် စေရမည်။ | | |
| ၇.၂ နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်<br><br>ဌာနေတိုင်းရင်းသားများအတွက် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်ဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို CPPF အရ လိုအပ်သလို ရေးဆွဲပြုစု၊ ကျင့်သုံး၊ အသိပေးဆက်သွယ် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထို့နောက် အဆိုပါစီစဉ်ဆောင်ရွက်ထားရှိမှု များကိုလည်း သက်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များတွင် ဖော်ပြထားရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |
| **ESS ၈ ယဉ်ကျေးမှု အမွေအနှစ်များ** | | |
| ၈.၁ ယဉ်ကျေးမှု အမွေအနှစ်များ<br><br>ESMPs များထဲတွင် ပါဝင်သော ESS8 ပါ သတ်မှတ်ပြဋ္ဌာန်းချက်များကို ထည့်သွင်း စဉ်းစားကာ လိုအပ်သလို ပါဝင်စေရမည်။ | ESMPs များ အတည်မပြုမီ | သစ်တောဦးစီးဌာန |
| စီမံကိန်းအတွက် ပြုစုထားသော ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းကို ကျင့်သုံး အကောင်အထည်ဖော်ရမည်။ (အသေးစိတ်သိရှိရန် ESMF နောက်ဆက်တွဲ ၁၄ ကို ကြည့်ပါ) | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ တစ်လျှောက် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| ၈.၂ မဖော်ထုတ်ရသေးသည့် ယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း<br>ESMF နောက်ဆက်တွဲ ၁၄ တွင် ဖော်ပြထားသည့် ယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်/ လုပ်ထုံးလုပ်နည်းကို ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ကန်ထရိုက်တာများနှင့် ချုပ်ဆိုထားသော ကန်ထရိုက်စာချုပ်အားလုံးတွင် မဖော်ထုတ်ရသေးသည့် ယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်/ လုပ်ထုံးလုပ်နည်း ပါရှိရမည်။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက်<br><br>ကန်ထရိုက်တာများနှင့် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းမပြုမီ ကန်ထရိုက်စာချုပ်အားလုံးတွင် မဖော်ထုတ်ရသေးသည့် ယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်/ လုပ်ထုံးလုပ်နည်း ပါရှိရမည်။ | သစ်တောဦးစီးဌာန |
| **ESS ၉ ဘဏ္ဍာရေးရာ ကြားခံအဖွဲ့အစည်း** | | |
| ဤစီမံကိန်းတွင် အသုံးပြုရန် မလိုပါ။ | | |
| **ESS ၁၀ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း (ပါဝင်ဆောင်ရွက်လာခြင်း)နှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း** | | |
| ၁၀.၁ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br><br>သက်ဆိုင်သော ဆက်စပ်ပတ်သက်သူများအားလုံးပါဝင်စေပြီး ကောင်းစွာ ဆက်ဆံညှိနှိုင်း၊ တိုင်ပင်ဆွေးနွေးခြင်းများ သေချာပြုလုပ်စေရန် .....ရက်နေ့တွင် ထုတ်ပြန်ထားသည့် သီးခြား ပြုစုထားသော ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း အစီအစဉ် (SEP) အား မွမ်းမံ၊ ကျင့်သုံး ၊ အကောင်အထည် ဖော်ရမည်။ (ထုတ်ပြန်သည့် ရက်စွဲထည့်ရန်) | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလ တစ်လျှောက် | သစ်တောဦးစီးဌာန |

| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
|---|---|---|
| **၁၀.၂ စီမံကိန်း နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်**<br><br>SEP တွင် ဖော်ပြထားသည့်အတိုင်း နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်ကို ရေးဆွဲပြုစု၊ ကျင့်သုံး၊ ထိန်းသိမ်းထားရှိ၊ အသိပေးဆက်သွယ်ကာ လုပ်ဆောင်ရမည်။<br><br>စီမံကိန်းက လိုက်နာဆောင်ရွက်မည့် အသေးစိတ်အစီအစဉ်များကို ဖော်ပြထားသည့် နစ်နာမှုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းရေး လက်စွဲကို ရေးဆွဲပြုစုရမည်။ စီမံကိန်းသည် လက်ရှိ နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်များ၊ နေရာပြောင်းရွှေ့ချထားခြင်း နှင့် ဌာနေတိုင်းရင်းသားများအတွက် နေရာဒေသအလိုက် စီမံကိန်းအဆင့် နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးသည့် စနစ်များ(GRMs)ကို စီမံကိန်းတွင် ဆီလျော်သလို အသုံးပြုသွားမည်ဖြစ်သည်။<br><br>နစ်နာမှုတိုင်ကြားချက်များနှင့် အကြံပြုချက်များအား ဖြေရှင်းဆောင်ရွက်ပေးမည့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို အများပြည်သူ အလွယ်တကူ သိရှိရန် ဆောင်ရွက်ထားရမည်။ စီမံကိန်းနှင့်စပ်လျဉ်းသော စိုးရိမ်ကြောင့်ကြမှုများ နှင့် နစ်နာမှုတိုင်ကြားချက်များကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ထားရှိမှုများကိုလည်း အများပြည်သူ အလွယ်တကူ သိရှိရန် ESS10 နှင့်အညီ အဖွဲ့အစည်းက လက်ခံနိုင်သော နည်းလမ်းဖြင့် ဆောင်ရွက်ထားရမည်။ | စီမံကိန်းလုပ်ငန်းဆောင်တာများ စတင်ဆောင်ရွက်ခြင်း မပြုမီ<br><br>စီမံကိန်းစတင်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း<br><br>စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလတစ်လျှောက် | သစ်တောဦးစီးဌာန |

| | | |
|---|---|---|
| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| ၁၀.၃ စီမံကိန်းက ပံ့ပိုးထားသော လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း မူများ<br><br>ESMF အခန်း (၆)တွင် ဖော်ပြထားချက်အရ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် အပြောင်းအလဲများ ပြုလုပ်ခြင်း ကဲ့သို့သော မည်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း အသစ်တိုင်းကိုမဆို စိစစ် သုံးသပ်ရာတွင် လုပ်ထုံးလုပ်နည်းအသစ်ထဲတွင် ဆက်စပ်ပတ်သက်သူများ နှင့် ဆက်သွယ်ညှိနှိုင်းခြင်း၊ အများသဘောတူညီမှုကို ရယူခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း အစရှိသည့် လုပ်ထုံးလုပ်နည်း များကို ထည့်သွင်းထားရှိကြောင်း သေချာစေရမည်။ | | |
| **Capacity Support / Training**<br>**စွမ်းဆောင်ရည် ပံ့ပိုးခြင်း/သင်တန်းပေးခြင်း** | | |
| ၁ နှစ်စာ အကောင်အထည်ဖော်မည့် သင်တန်းအစီအစဉ်ကို ESMF နှင့်အညီ အဖွဲ့အစည်းက လက်ခံသော နည်းလမ်းဖြင့် ရေးဆွဲပြုစုရမည်။ | စီမံကိန်းစတင်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း | သစ်တောဦးစီးဌာန |
| ပို့ချပေးမည့် သင်တန်းကို သတ်မှတ်ခြင်း | ပေးဆောင်ရန် ရည်ရွယ်ထားသည့် အုပ်စုများ နှင့် အချိန်ကာလကို သတ်မှတ်ခြင်း | တာဝန်ယူမှု |
| ESMF အခန်း ၁၀ တွင် သတ်မှတ်ထားသည့်အတိုင်း ကမ္ဘာ့ဘဏ် ပတ်ဝန်းကျင် နှင့် လူမှုရေးရာ စံသတ်မှတ်ချက်များဆိုင်ရာ သင်တန်းတွင် အောက်ပါတို့ ပါဝင်မည်-<br>• ESF နှင့် ကမ္ဘာ့ဘဏ်၏ ဘေးရန်ကင်းရှင်းရေး နည်းလမ်းများ၏ အဓိက မူများ နှင့် မြန်မာနိုင်ငံ၏ လိုလားချက်များ ဆိုင်ရာ သင်တန်း<br>• စီမံကိန်း ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ အန္တရာယ်များ စီမံခန့်ခွဲရေး နည်းလမ်းများ/အသုံးပြုရမည့် နည်းနာများ<br>• ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဘဝဆိုင်ရာ စိစစ်ခြင်း | စီမံကိန်းဆောင်ရွက်မည့် ဒေသများတွင် စီမံကိန်းက ပံ့ပိုးသည့် လုပ်ငန်းဆောင်တာများကို ဦးစီးအကောင်အထည် ဖော်မည့် ဝန်ထမ်းများ - မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သစ်တောဝန်ထမ်းများ နှင့် သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးနယ်မြေများမှ ဝန်ထမ်းများ<br><br>ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ | E&S ဆိုင်ရာ အမျိုးသား အကြံပေး နှင့် နိုင်ငံတကာ အကြံပေးများက သစ်တောဦးစီး ဌာနတွင် သင်တန်းပေးမည်။ |

| မြန်မာ - "မြန်မာနိုင်ငံသစ်တောပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေး နှင့် ရင်းနှီးမြုပ်နှံမှုစီမံကိန်း" (P168254) ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် (ESCP)<br>ဒီဇင်ဘာ ၁၈၊ ၂၀၂၀ | | |
|---|---|---|
| *လိုအပ်သည့် အစီအမံများ နှင့် လုပ်ငန်းဆောင်တာများ* | *အချိန်ကာလ* | *တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း/အာဏာပိုင်* |
| • ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အစီရင်ခံခြင်း<br>• လိုင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် မတော်မတရားပြုခြင်း တို့မှ ကင်းဝေးသည့် စုံလင်များပြားသော၊ လေးစားမှုရှိသော လုပ်ငန်းခွင်၊<br>• ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်ရမည့် အရာများနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းချက်များ (ပတ်ဝန်းကျင်နှင့်လူမှုဘဝ ထိခိုက်မှု ဆန်းစစ် ခြင်း / ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း/ ESMP ၊ ECoP ၊ စနစ်တကျ ဘက်စုံ ပိုးမွှား စီမံခန့်ခွဲမှု အစီအစဉ် စသည်)<br>• လူမှုရေးရာ ကျင့်သုံးဆောင်ရွက်ရမည့် အရာများနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းချက်များ (SEP ၊ GRM ၊ CHMP ၊ PF ၊ RPF စသည်)အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင်<br>• (CFMPs)ထဲတွင် ပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ (E&S) ထည့်သွင်း စဉ်းစားမှုများ<br>• လုပ်သား စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ (LMP)/ ကျင့်သုံး ဆောင်ရွက်ရမည့် စည်းကမ်း<br>• တုံ့ပြန်ချက် နှင့် နစ်နာမှုတိုင်ကြားချက်များ တုံ့ပြန်ဖြေရှင်းရေး စီမံ ခန့်ခွဲမှု | ဆောင်ရွက်မည့်လုပ်ငန်းများတွင် နည်းပညာဆိုင်ရာ ပံ့ပိုးသူများအဖြစ် တာဝန်ထမ်းဆောင် ကြမည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှင့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်းများ<br><br>သင်တန်းအကြိမ်အရေအတွက် ကို ESMF အခန်း ၁၀ ပါ အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းအစတွင် ခရိုင် နှင့် မြို့နယ် / သဘာဝထိန်းသိမ်းရေး နယ်မြေ အဆင့်ရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်အကဲဖြတ်မှုပေါ်တွင် အခြေခံကာ သင်တန်း အကြိမ်ရေများစွာ ပေးရမည်ဖြစ် ကာ စီမံကိန်းကာလတစ်လျှောက်လုံး ဝန်ထမ်းအသစ်များ အား သင်တန်းပေးသွားရမည်။ | |
| ကမ္ဘာ့ဘဏ်၏ ဘေးရန်ကင်းရှင်းရေးဆိုင်ရာ အဖြစ်အပျက်များ အစီရင်ခံခြင်း နည်းလမ်းကို အသုံးပြု၍ သတင်းအချက်အလက်များကို ဖော်ပြရမည်။ | သက်ဆိုင်ရာ နေရာဒေသများရှိ စီမံကိန်း လုပ်ငန်းများ စတင် အကောင်အထည်ဖော်ချိန် ၌ စီမံကိန်း လုပ်ငန်း ဆောင်တာများတွင် ပါဝင်လုပ်ဆောင်မည့် သစ်တော ဝန်ထမ်းအားလုံး | |